# ထိန်ကြီးကျေးရွာ

# ရေဖြူမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထိန်ကြီးကျေးရွာ၊ ရေဖြူမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၃ |
| | ထိန်ကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) ငါးလုပ်ငန်း | ၇ |
| | (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၇ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၇ |
| ၆။ | ပညာရေး | ၈ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၈ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၈ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၈ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၉ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၀ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၁ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြ ဇယား | ၂၇ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၃၁ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၃၃ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၃၅ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထိန်ကြီးကျေးရွာ
ရေဖြူမြို့နယ်

# ထိန်ကြီးကျေးရွာ သယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထိန်ကြီးကျေးရွာသည် တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ် ဒေသတွင် ထားဝယ်ရေနက်ဆိပ်ကမ်းမှ ထီးခီးသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်း မနံဘေးတွင် တည်ရှိပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး မိုးရာသီရေကြီးရေလျှံမှုကြောင့် ကျေးရွာ ချင်းဆက်လမ်းများမှာ ပျက်စီး၍ သွားလာရခက်ခဲပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ (၈၀)ခန့်ရှိပါသည်။ သဘာဝပေါက်ပင်များမှာ အင်၊ ပျဉ်းကတိုး၊ ကုက္ကိုလ်၊ ပျူး၊ ပင်လယ်ကဗွီးပင်၊ ပုန်းညက်၊ သစ်ခေါက်ပင် စသည့်အပင်များဖြစ်ပါသည်။ ကျေးရွာအနီးအနားရှိချောင်းများမှရေကို စိုက်ပျိုးရေးအတွက် အသုံးပြုပါသည်။ အခြားသော သဘာ ဝအရင်းအမြစ်မရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သာရေးနာရေးကိစ္စရပ်များတွင်ပူးပေါင်းလုပ် ဆောင်ကြပါသည်။ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့များမှာ ဆောင်ရွက်မှုအားနည်းပါသည်။ သို့သော်လည်း သာရေးနာရေးကိစ္စရပ်များနှင့် အရေးတကြီးကိစ္စရပ်များ ပေါ်ပေါက်လာပါက စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ အစိုးရမဟုတ်သော ပြင်ပအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့အချို့ရှိပ ါသည်။ မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အားကောင်းပြီး ကျန်အဖွဲ့အစည်းများမှာ စနစ်တကျဖွဲ့စည်းထားခြင်းမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးကို အဓိကစိုက်ပျိုးကြသည်။ချောင်းမြောင်းများ တိမ်ကောလာ၍ မိုးရာသီတွင် စပါးခင်းများ ရေနစ်မြုပ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ အခြားစိုက်ပျိုးသီးနှံများမှာ ပြောင်း၊ ငရုတ်၊ သခွား၊ ကန်စွန်း၊ ဖရဲနှင့် နှစ်ရှည်သီးနှံများမှာ အုန်းသီး၊ သီဟိုဠ်၊ ကွမ်းသီး၊ ရာဘာ၊ သရက်တို့ဖြစ်ပါသည်။ မိုးစပါးစိုက်ဧက (၃၀၀)ဧကခန့်ရှိပါသည်။ ဥယျာဉ်ခြံ (၁၇၀၀)ဧက နှင့်အထက်ရှိပါသည်။ သီးနှံထွက်နှုန်းမှာ မိုးစပါးစုစုပေါင်း တင်းရေ(၇၅၀၀)တင်းခန့်ရှိပြီး တဧကအထွက်နှုန်းမှာ ပျမ်းမျှ(၂၅)တင်းရှိပါသည်။ မိရိုးဖလာစိုက်ပျိုးသီးနှံများကိုသာ စိုက်ပျိုးကြ ပြီး ဈေးကွက်ရသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိသေးပါ။ ဆန်စပါးနှင့် အခြားဟင်းသီးဟင်း ရွက်များမှာ ဈေးကောင်းမရရှိသောကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးသည်။ အကျိုးဆက် အနေဖြင့် ကျေးရွာလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ပြည်ပသို့ထွက်ခွာမှု များရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်သားရှားပါးပါသည်။ မြေအောက်ရေကို

သီးထပ်စိုက်ပျိုးသည့်အချိန်တွင် အသုံးပြုပြီး အချို့သောအိမ်ထောင်စုများမှာ ရေသွင်းစိုက်ပျိုးရန် ရင်းနှီးငွေမရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကောင်းမွန်စွာလုပ်ကိုင်နိုင်ခြင်းမရှိပါ။ ဈေးကွက်နှင့် အလှမ်းကွာဝေးသောကြောင့် ဈေးကွက်နှင့်ချိတ်ဆက်မှုရရှိရန်လိုအပ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကြက်ကောင်ရေ (၃၀၀၀)ကျော်ခန့်အများဆုံးမွေးမြူကြပြီး ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဘဲ စသည်တို့ကို မွေးမြူကြပါသည်။

(ဂ) ငါးလုပ်ငန်း

ကမ်းလွန်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁)စုရှိပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများတွင် လက်လီလက်ကားရောင်းဝယ်ရေး ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆံပင်အလှပြင်နှင့် အပ်ချုပ်လုပ်ငန်း၊ ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ အများစုလုပ်ကိုင်ကြပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုကို အဖွဲ့အစည်းများမှ (၂၀၁၁)ခုနှစ်အထိ ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် မရရှိတော့ပါ။ ကျေးရွာတွင်း ပုဂ္ဂလိကချေးငွေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု အများအပြားရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကုန်းလမ်းဆက်သွယ်မှု အတန်အသင့်ကောင်းမွန်သောကြောင့် မော်တော်ကား၊ ဆိုင်ကယ်ကို အများဆုံးအသုံးပြုပါသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင် စုအနည်းငယ်ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မီးလင်းရေးစနစ်ရှိပြီး (၂၀၀၇)ခုနှစ်တွင် စတင်လည်ပတ်ဆောင်ရွက်ခဲ့ပါသည်။ မီးစက်ချို့ယွင်းသည့်အချိန်များတွင် လျှပ်စစ်ဓါတ်အားပြတ်တောက်မှုပြဿနာအား မကြာခဏကြုံတွေ့ရလေ့ရှိပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သောအိမ်ထောင်စု (၂၀%)အောက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဖုန်း၊ အင်တာနက်လိုင်း များကောင်းမွန်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီရရှိပါသည်။

၆။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အရင်ကထက်များစွာတိုးတက်လာပါသည်။ ရွာသူ/သားအများစုသည် အထက်တန်းအဆင့်ပညာရပ်များကို သင်ယူတတ်မြောက်ပြီးသူများဖြစ်သည်။ ယခုနှစ် (၂၀၁၈)ခုနှစ်တွင် အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းအဆင့်သို့တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါသည်။

၇။ ကျန်းမာရေး

ရွာသူ/သားများသည် အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက်နည်းပါးပါသည်။ နှစ်စဉ်မိုးဦးတွင် ကလေးသူငယ်များ အနည်းငယ်သာ သွေးလွန်တုပ်ကွေးဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၁)ဖာလုံခန့်ကွာဝေးသောနဘုလယ်ဒေသကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ရရှိကြသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း(၆)ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများ ရရှိကြပါသည်။ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးကာကွယ်ဆေးထိုးနှံခြင်း ၊ တိုက်ကျွေးခြင်းအစီအစဉ်များလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ခြင်း၊ သီးထပ်စိုက်ခြင်း ၊ ဓါတုဗေဒမြေသြဇာများ အသုံးပြုခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။ စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုကြသော်လည်း ဓါတ်ကြွင်းအန္တရာယ်လျော့ပါးစေရန်၊ ဘေးကင်းစေရန်အတွက် လုပ်ဆောင်ရမည့်အသိပညာများ အားနည်းကြောင်းတွေ့ရှိရပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျား–မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော အိမ်ထောင်မှုကိစ္စများကို ဆောင်ရွက်သည်။ လယ်၊ ယာလုပ်ငန်းများတွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း၊ ကောက်စိုက်ခြင်းနှင့် အမျိုးသားများသည် လယ်ထွန်ခြင်းလုပ်ငန်းများ လုပ်ဆောင်ကြသည်။

ဘာသာရေးအထိမ်းအမှတ်ပွဲတော်များတွင် ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် အမျိုးသားများ အမျိုးသမီးများအားလုံး ပူးပေါင်းပါဝင်ကာ တက်ညီလက်ညီ ဆောင်ရွက်ကြပါသည်။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍနည်းပါးကြောင်းတွေ့ရပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စု- ထိန်ကြီး | | ကျေးရွာ- ထိန်ကြီး | ဦးစားပေး အဆင့် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | အဆောက်အဦ | ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး(၁) |
| ၂ | ပညာရေး | သင်ထောက်ကူ | စာရေးခုံ (၈၀၀)စုံ ပြုလုပ်ခြင်းလုပ်ငန်း | |
| ၃ | ပညာရေး | အဆောက်အဦ | စာသင်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း | |
| ၄ | ပညာရေး | အဆောက်အဦ | စာသင်ဆောင်အဟောင်းပြုပြင်ခြင်းလုပ်ငန်း | ဦးစားပေး(၂) |
| ၅ | ပညာရေး | အဆောက်အဦ | ၄ခန်းတွဲ အိမ်သာ ဆောက်လုပ်ခြင်းလုပ်ငန်း | ဦးစားပေး(၃) |
| ၆ | ပညာရေး | အဆောက်အဦ | ဟောခန်းနှင့် သိပ္ပံခန်းဆောက်လုပ်ခြင်းလုပ်ငန်း | |
| ၇ | ကျန်းမာရေး | အဆောက်အဦ | ၄ခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း | |
| ၈ | ငွေကြေး | ချေးငွေ | စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ချေးငွေလိုအပ်ခြင်း | |
| ၉ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ရန် ဆောင်ရွက်ခြင်း | |
| ၁၀ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၁၁ | စိုက်ပျိုးရေး | မျိုးကောင်း/သန့် | မျိုးကောင်းမျိုးသန့်ရရှိရန် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ၁၂ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၁၃ | အခြေခံအဆောက်အဦ | လမ်းတံတား | ရွာဦးတံတား (၁၃၀')အရှည် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | |
| ၁၄ | လူငယ်နှင့် အားကစား | အခြေခံအဆောက်အဦ | ဖူဆယ်ဘောလုံးကွင်းတည်ဆောက်ခြင်းလုပ်ငန်း | |
| ၁၅ | လူငယ်နှင့် အားကစား | အခြေခံအဆောက်အဦ | ဘောလုံးကွင်းပြုပြင်ခြင်း | |
| ၁၆ | လူငယ်နှင့် အားကစား | အားကစားပစ္စည်း | အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်း | |

နောက်ဆက်တွဲ (၁)

## ထိန်ကြီးကျေးရွာ၊ ထိန်ကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းစိုး | ဦးတင်ညွန့် | ၆/ရဖန(နိုင်) ၀၅၄၀၂၈ | ၅၄ | ဥက္ကဋ္ဌ | ၀၉-၄၂၀ ၀၆၀ ၀၄၁ |
| ၂ | ဦးနိုင်ဝင်း | ဦးငွေညွန့် | ၆/ရဖန(နိုင်) ၀၁၀၅၆၀ | ၄၈ | အတွင်းရေးမှူး | ၀၉-၂၅၁ ၁၄၂ ၈၀၀ |
| ၃ | ဒေါ်ခင်နွယ် | ဦးဖေသန်း | ၆/ရဖန(နိုင်) ၀၅၄၀၉၅ | ၅၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၁ ၅၂၄ ၉၀၉ |
| ၄ | ဒေါ်မြင့်ဌေး | ဦးဟန်တင် | ၆/ရဖန(နိုင်) ၀၃၃၆၄၈ | ၃၈ | စာရင်းကိုင် | |
| ၅ | ဦးဝင်းရွှေ | ဦးတင်ရွှေ | ၆/ရဖန(နိုင်) ၀၄၀၈၂၈ | ၄၂ | စာရင်းစစ်(၁) | |
| ၆ | ဒေါ်အေးအေးမူ | ဦးလင်းရှိန် | ၆/ရဖန(နိုင်) ၀၁၀၇၀၈ | ၄၈ | စာရင်းစစ်(၂) | |
| ၇ | ဦးနေနိုင်ဦး | ဦးပြည်တော်စိန် | ၆/ရဖန(နိုင်)၀၃၃၈၀၇ | ၃၆ | အဖွဲ့ဝင် | |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၄ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၆၅ | ၃၉ | ၁၀၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၃ | ၇၆ | ၁၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၁ | ၈၈ | ၁၄၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၆၆ | ၅၅၄ | ၁၀၂၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆၁ | ၁၀၁ | ၁၆၂ |
| စုစုပေါင်း | | ၇၂၇ | ၈၆၂ | ၁၅၈၉ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၇၀ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စု(၃၇၀)စု၊လူဦးရေ(၁၅၈၉)ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁%)၊ အသက်(၅)နှစ် အောက်အရွယ်(၇%)၊ မူလတန်းကျောင်းသားအရွယ် (၉%)၊ အလယ်တန်း ကျောင်းသားအရွယ် (၉ %)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၄%)၊ သက်ကြီးရွယ်ကြီးအရွယ် (၁၀%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၆)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် တစ်ရွာလုံးလူဦးရေ၏ (၆၄)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၉၉၃.၅ | ညံ့ | ရ | မြေအောက်ရေ/ ချောင်း |
| ယာမြေ | - | | | |
| ဥယျာဉ်ခြံမြေ | ၁၀၈၇.၆ | သင့် | ရ | မြေအောက်ရေ/ ချောင်း |
| အိမ်ခြံဝင်းစိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၁၄ | သင့် | ရ | မြေအောက်ရေ/ ချောင်း |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စားကျက်မြေ | ၆ | ညံ့ | ရ | မြေအောက်ရေ/ ချောင်း |
| ပလပ်မြေ | ၁၄၁.၃၄ | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၂၂၄၂.၄ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ရေရှားပါးခြင်း၊ စိုက်ပျိုးရေးနည်းပညာအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းပါး၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။

(၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | – | – |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စမ်းချောင်းများရှိပြီး ကျောက်စရစ်၊ သဲ စသည်တို့ကို အလွယ်တကူရရှိနိုင်ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>✔လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၂ | နာရေးကူညီ မှုအသင်း | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၃ | အမျိုးသမီး ရေးရာ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး ✔ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၄ | ဂေါပက အဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၅ | မိခင်နှင့် ကလေးအဖွဲ့ | ၁☐ ၂ ✔၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး ✔ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၆ | အပျို/လူပျို အသင်း | ၁☐ ၂ ✔၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီး ပါဝင်ခြင်းမရှိသော် လည်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံး စွာဖြင့်ဆောင်

ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့အစည်း၊နာရေးကူညီမှုအသင်း၊ လူပျို/အပျိုအသင်းတို့သည် ကျေးရွာ၏သာရေး၊နာရေးနှင့်အခြားသောပရဟိတ လုပ်ငန်းများတွင် အတူတကွစုပေါင်းလုပ်ကိုင် နေကြပါသည်။ ပရဟိတအဖွဲ့အစည်းသည် ရပ်မိရပ်ဖများ၊ရွာသူ/သားများနှင့်စုပေါင်း၍ ကျေးရွာအတွင်း လိုအပ်ချက်ရှိသော လုပ်ငန်းများအား ဦးဆောင်၍ ဆောင်ရွက်ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃၅၀ | ၇၀ | ၁၀ | - |
| အိမ်အခြေအနေ | နှစ်ထပ်တိုက်/ သွပ်မိုး | နှစ်ထပ်တိုက်/ သွပ်မိုး | တိုက်အကြမ်း ထည်/ သွပ်မိုး | ပျဉ်ထောင်/ ဓနိမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | - | ကွန်ကရစ် ဖျော်စက် | မုန့်တိုက်/ ရွှေဖော်စက် | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး/ ငွေချေး/ အရောင်းအဝယ် | စိုက်ပျိုးရေး/ ဝပ်ရှော့ | စိုက်ပျိုးရေး/ မွေးမြူရေး/ မုန့်လုပ်ငန်း/ ပရိဘောဂ လုပ်ငန်း | စိုက်ပျိုးရေး/ မွေးမြူရေး/ ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၈၀ | ၁၅၀ | ၁၂၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စု အများစုသည် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်းနှင့် အခြားသောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသည်။ အလွန်မပြေ လည်သော အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် ရာသီအလိုက်ကြုံရာ ကျပန်းလုပ်ငန်းများဖြင့် အသက်မွေး လုပ်ငန်း လုပ်ကိုင်ကြသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၆ | ၄၀.၂၂% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၂၅ | ၆.၈၉% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၅၈ | ၁၅.၉၈% | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၄ | ၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ) | ၈၀ | ၂၂.၀၄% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက်(၅ဟတ်တာနှင့် အထက်) | ၅၄ | ၁၄.၈၈% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၃၆၃ | ၁၀၀% | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများသည်( ၄၀.၂၂%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ၁၂.၅ ကေ အထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ နည်းပါးပြီးပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၁၃၀ | တင်း | ၂၀ | ၃၀ | ၂၅ | |
| ရာဘာ | ၁၀၀ | ပေါင် | ၈ | ၁၅ | ၁၁ | |
| သီဟိုဠ် | ၇၀၀ | ပိဿာ | ၄၀ | ၆၀ | ၅၀ | |
| ကွမ်းသီး | ၂၅၀ | ပိဿာ | ၉၀၀ | ၁၃၀၀ | ၁၁၀၀ | |
| အုန်း | ၁၇၀ | လုံး | ၁၂၀၀ | ၁၇၀၀ | ၁၅၀၀ | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဉယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိဘဲ ရာသီဥတု အခြေအနေပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ကေလျှင် (၂၅)တင်းခန့်သာ ထွက်ရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| နွား | ၂၀ | ၃၁၉ |
| နို့စားနွား | | |
| ကျွဲ | ၆ | ၃၁၆ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၃ | ၅၀ |
| သိုး | | |
| ဝက် | ၁၀၀ | ၂၉၁ |
| ကြက် | ၁၂၀ | ၃၃၉၆ |
| ဘဲ | ၁၅ | ၇၀ |
| နွားနောက် | | |
| ငါးလုပ်ငန်း | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၁ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝက်၊ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများရှိပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | ၄ | ၇ | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၃ | ၉ | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | ၂ | ၂ | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄၀ | ၈၀ | | |

| | | | | | |
|---|---|---|---|---|---|
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၆ | ၇ | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂၅ | ၂၅ | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၅၀ | ၅၀ | | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁၀ | ၁၂ | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၈ | ၈ | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | ၁၃ | ၁၃ | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | ၂ | ၂ | | |
| ၁၂ | ပညာရေး | ၃၉ | ၅၇ | | |
| ၁၃ | ကျန်းမာရေး | ၂ | ၂ | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | ၂၀၅ | ၂၇၅ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းအနေဖြင့် လက်လီလက်ကားရောင်းဝယ်သူအများဆုံးဖြစ်ပြီး ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများ ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ ၊ အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူများမှာ အများစုဖြစ်ပါသည်။ ပြည်ပထွက်ခွာလုပ်ကိုင်သူ လူငယ်အများစုရှိပါသည်။

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | ရေနက်ဆိပ်ကမ်းဈေး | ထားဝယ်ဈေးကြီး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ✔<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ✔ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေနက်ဆိပ်ကမ်းဈေးတွင် စားသောက်ကုန်များဝယ်ယူရရှိနိုင်၍ အိမ်ထောင်ပရိဘောဂပစ္စည်းများကို ထားဝယ်စည်ပင်သာယာဈေးကြီးသို့ သွားရောက်ဝယ်ယူကြရပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်☐ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်☐ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်☐ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ ။မြေသားလမ်းဖြစ်သောကြောင့် နွေရာသီတွင်ဖုန်ထူခြင်း၊ မိုးရာသီတွင် ချိုင့်ခွက်များဖြစ်ပေါ်ခြင်းနှင့် ဗွက်ထခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိပါသည်။

(၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐ | ၆လမှ ၁နှစ် ☐ | ပွင့်လင်း |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | သင့် ☐<br>ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ရာသီ☐တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | | | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ၁ ☐ | ၂ ☐ | ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံ း☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင်☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ၁ ☐ | ၂ ☐ | ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

